# ၁၉၅၆ ခုနှစ်၊ ပြည့်တန်ဆာ ပပျောက်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ပြည့်တန်ဆာပပျောက်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာပပျောက်ရေး အက်ဥပဒေ ပုဒ်မ ၁ ၏ ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

> "(၁) ဤအက်ဥပဒေကို ၁၉၄၉ ခုနှစ်၊ ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေဟု ခေါ်ရမည်။"

၃။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၃ တွင်၊ "ထောင်ဒဏ်တနှစ်ထိဖြစ်စေ၊ ငွေဒဏ်နှင့် ထောင်ဒဏ် နှစ်ရပ်စလုံးဖြစ်စေ စီရင်နိုင်စေရမည်။" ဆိုသည့်စကားရပ်အစား၊ "တနှစ်အောက်မနည်း သုံးနှစ်ထက်မပိုသည့်ထောင်ဒဏ် စီရင်နိုင်စေရမည်။ ပြစ်ဒဏ်စီရင်ခြင်းခံရသူသည် မိန်းမဖြစ်လျှင်၊ ထိုမိန်းမကို သတ်မှတ်ထားသည့်ဌာနၶ တားဆီးထိန်းသိမ်းထားခြင်း အားဖြင့် ထောင်ဒဏ်ကျခံစေရမည်။" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၅၊ပုဒ်မခွဲ (၁) တွင်၊ "၃ နှစ်ထိ ထောင်ဒဏ် စီရင်နိုင်စေရမည်။" ဆိုသည့်စကားရပ်အစား၊ "တနှစ်အောက်မနည်း သုံးနှစ်ထက်မပိုသည့်ထောင်ဒဏ်စီရင်နိုင်စေရမည်။" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၆ "ငွေဒဏ်နှင့်တကွ၊အလုပ်ကြမ်းနှင့် သုံးနှစ်ထိ ထောင်ဒဏ်စီရင်နိုင်စေရမည်။" ဆိုသည့်စကားရပ်အစား၊ "အလုပ်ကြမ်းနှင့် တနှစ်အောက်မနည်း၊သုံးနှစ်အထက်မပိုသည့်ထောင်ဒဏ် စီရင်နိုင်စေရမည်။" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၆။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (၂) တွင်၊ "ရှာဖွေခြင်းခံရသူတို့အား" ဆိုသည့်စကားရပ်အစား၊ "ရှာဖွေခြင်းခံရသူတို့အပြင်၊ ပြည့်တန်ဆာအဖြစ်အသက်မွေးသူနှင့် ကာမစပ်ယှက်ရန်ရောက်ရှိနေသူတို့အား" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

အဘိုး—၁၀ ပြား]

၇။ ။အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၁၇ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၁၇-က အဖြစ်ထည့်သွင်းရမည်။

"၁၇-က။ ။(၁) နိုင်ငံတော် သမတ သည်၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ နည်းဥပဒေများပြုနိုင်သည်။

နည်းဥပဒေပြုနိုင်သည့် အာဏာ။

(၂) အထက်မဖေါ်ပြပါ အာဏာ၏ ယေဘုယျသဘောကိုမထိခိုက်စေဘဲ ထိုနည်းဥပဒေများသည်၊ အထူးအားဖြင့် ပြည့်တန်ဆာအဖြစ်အသက်မွေးသူ၏ဘဝသို့ကျရောက်မည့် အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန်ကိစ္စအတွက်ငှင်း၊ ထိုဘဝသို့ကျရောက်ပြီးသူများအား စောင့်ရှောက်ရန်ကိစ္စအတွက်ငှင်း ပြဋ္ဌာန်းနိုင်သည်။"

ပ၊မ၊ဗ၊စ—အမှတ် ၃၃၉၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၀-၅၆—၂,၂၀၀—၂။